## ခုနစ်သား ရဟန္တာများ

အရှင်ကေလာသ
အောက်တိုဘာ ၁၆၊ ၂၀၁၅။

---

ဆရာတော် ဘုရား၊ ဘုရားရှင် လက်ထက်တော် အခါက ခုနစ် နှစ်သားအရွယ် ရဟန္တာငယ်များ ရှိပါသည်။ ခုနစ်နှစ်သား အရွယ် ရဟန္တာ အဘယ်နှစ်ပါး ရှိပါသနည်း။ ထိုရဟန္တာငယ်များ၏ အကြောင်း အတ္ထုပ္ပတ္တိကို ကြားနာ ကြည်ညိုလိုပါသည် အရှင်ဘုရား။ ဆရာတော်ဘုရား ကျန်းမာပါစေ။ ကျေးဇူးတင်ပါသည်။

သူဇာနွယ်–မန္တလေး

---

### ပါရမီပြည့်တွေ

ခုနစ်နှစ် အရွယ် ရဟန္တာ ငယ်တွေရဲ့ အတ္ထုပ္ပတ္တိကို လေ့လာတဲ့ အခါ 'ပုရိမဗုဒ္ဓေသု ကတာဓိကာရော = ရှေး ဘုရားတွေဆီမှာ ပါရမီ ဖြည့်ထားသူ' လို့ အထူးပြုပြီး ပြဆိုတာကို တွေ့ရတယ်။ ဒါကြောင့် ခေါင်းရိတ်ပြီးတာနဲ့ ရဟန္တာ ဖြစ်တာကို လွယ်လွန်းတယ်လို့တော့ မဆိုပါနဲ့။ သူတို့မှာ အဲဒီလို ဖြစ်ဖို့ ယခင်ဘဝ တွေမှာ ဗုဒ္ဓဘုရား သို့မဟုတ် ဗုဒ္ဓဘုရားတွေရဲ့ သာသနာနဲ့ ကြုံ တဲ့အခါ အချိန်ကို မဆုံးရှုံးစေဘဲ နှစ်သက်ရာ ကုသိုလ်ဒါန တစ်ခုကို လှိုက်လှိုက်လှဲလှဲ လုပ်တာ၊ နောက်ဆုံး ဘဝမှာ ဗုဒ္ဓဘုရား နဲ့ တွေ့တာ၊ တွေ့တဲ့အခါ ၎င်းတို့ရဲ့ စိတ်ဟာ ကောသလ မင်း လို မဟုတ်ဘဲ ဓမ္မကို ကောင်းစွာ ကျင့်သုံးလိုတာ တွေဟာ သူ တို့ရဲ့ ထူးခြားချက်တွေပါပဲ။

အများ သူငါတို့မှာ ဗုဒ္ဓဘုရားနဲ့ တွေ့ပါလျက် မသိယောင် ဆောင်နေခဲ့ကြလို့ ယခုလို တဝဲလည်လည် ဖြစ်နေရကြောင်း သံဝေဂယူပြီး ဒီပုဂ္ဂိုလ်ထူးတွေကို အတုယူနိုင်ပါတယ်။

### ဘုရားရှိခိုးသူ

#### ၁။ ဉာဏတ္ထဝိက သာမဏေ

နောက်ဆုံး ဘဝမှာ မိဘနဲ့ အမျိုးအမည် မထင်ရှား။ ပဒုမုတ္တရ ဘုရားနဲ့ သုမေဓဘုရား နှစ်ဆူ လက်ထက်မှာ ထိုဘုရားရှင်တို့ရဲ့ သဗ္ဗညုတဉာဏ်ကို ချီးမွမ်းခဲ့လို့ ဂေါတမ ဗုဒ္ဓလက်ထက်မှာ ၇–နှစ် အရွယ် ရဟန္တာ ဖြစ် တယ် .. 'သမုဒ္ဒရာရေကို သမန်းမြက်ဖျားဖြင့် တို့ယူ၍ ရေတွက်လျှင် ဖြစ်နိုင်ရာပါ၏။ ရှင်တော် ဘုရား၏ သဗ္ဗညုတ ဉာဏ်တော်ကိုမူကား နှိုင်းယှဉ် တိုင်းတာရန် မဖြစ်နိုင်ပါ (အပဒါန ၂၊ ၁၉။ ၅၉)'။

#### ၂။ သတရံသိ သာမဏေ

ပဒုမုတ္တရ ဘုရားလက်ထက် ရသေ့အဖြစ် တောမှာနေစဉ် ပဒုမုတ္တရဘုရား တောင်ပေါ်မှာ သီတင်းသုံးတာကို ဖူးတွေ့ရလို့ ဝမ်းမြောက်ပြီး မြတ်ဗုဒ္ဓအား ချီးမွမ်း ထောမနာ ပြုတယ်။ အဲဒီ ဘုရားရှင်က 'ဂေါတမဗုဒ္ဓ ပွင့်ချိန် ရဟန္တာ ဖြစ်မယ်'လို့ ဗျာဒိတ်ပေးတဲ့ အတိုင်း ဒီဘုရား သာသနာတွင်း ရဟန်းပြု ရဟန္တာ ဖြစ်ပြီးနောက် 'ငါ သည် အသက် ၇–နှစ်မှာ ရဟန်း ပြုခဲ့ပြီး သတရံသိ အမည်ရှိပါ၏။ ငါ၏ ကိုယ်မှ အရောင်အလင်း ထွက်ပါ ၏။ ကျောင်းမှာဖြစ်စေ သစ်ပင်ရင်းမှာ ဖြစ်စေ ဈာန်ဝင်စား ခြင်းကို နှစ်သက်ပါ၏ (အပဒါန ၁၊ ၁၁၅)'လို့ မိန့် ပါတယ်။ နေရပ် မိဘ အမျိုးအမည် မထင်ရှား။

#### ၃။ ရဟောသညက သာမဏေ

ဘုရားမပွင့်တဲ့ ကာလတစ်ခုမှာ ရသေ့ဆရာကြီး အဖြစ် တပည့်ပေါင်း များစွာရဲ့ လေးစားတာကို ခံရပေမယ့် ကိုယ်တိုင်မှာ ရှိခိုး ဦးတင်ရမယ့်သူ မရှိလို့ နှလုံးမသာ ဖြစ်မိရာက ဗုဒ္ဓဘုရားမရှိရင် နိဗ္ဗာန်ကို မရနိုင်ကြောင်း

တပည့်တွေကို မိန့်ကြားလျက် မိမိဘာသာ ဆိတ်ငြိမ်ရာမှာ နေပြီး ဗုဒ္ဓဘုရား ရှေ့မှောက်မှာ နေသလို ဘုရားဂုဏ်ကို အာရုံပြုလို့ ရရှိတဲ့ ပီတိနဲ့ ရှာန်ပွား၊ သေလွန်တဲ့အခါ ဖြဟ္မာ့ဘုံမှာ ဖြစ်တယ်။ ထိုရှာန် အရှိန်ကြောင့် ဒီ ဘုရား လက်ထက်မှာ လူ့ပြန်ဖြစ်ပေမယ့် ကာမအာရုံကို စိတ်မဝင်စားဘဲ အသက် ၇–နှစ်အရွယ် ရှင်ပြုတယ်။ ခေါင်းရိတ်စဉ် အဘိညာဏ် ၆–ပါးရ ရဟန္တာ ဖြစ်တယ် (အပဒါန–၄ ၂၊ ၁၄၉)။ ဥပဇ္ဈာယ်ဆရာ မိဘ နေရပ် မျိုးအမည် မထင်ရှား။

**သရဏဂုံတည်သူ**

**၄။ တိသရဏဂမနိယ သာမဏေ**

ဝိပဿီ မြတ်စွာဘုရားရဲ့ လက်ျာရံ အဂ္ဂသာဝက ဖြစ်တဲ့ အရှင်တိဿဘ မထေရ်ထံမှာ သရဏဂုံသီလ ဆောက်တည်တဲ့ အကျိုးကြောင့် ဤဗုဒ္ဓလက်ထက် သာဝတ္ထိမြို့ သူဌေးမျိုးမှာ လာဖြစ်ပြီး အသက် ၇–နှစ်မှာ အခြား ကလေးတွေနဲ့ အတူ ဘုန်းကြီး ကျောင်းတစ်ခုကို ရောက်သွားချိန် ရဟန္တာကြီး တစ်ပါးက တရားထိုင်ပုံကို သင်ပြတဲ့အခါ ဆောက်တည်ဖူးတဲ့ သရဏဂုံကို ဆင်ခြင်ပြီး ဝိပဿနာ ပွားတဲ့အတွက် ရဟန္တာ ဖြစ်သွားတယ်။ ရဟန္တာ ဖြစ်သွားတော့ မြတ်စွာဘုရားက သူ့ကို ရဟန်းပြုပေးတယ် (= တံ အရဟတ္တပ္ပတ္တံ ဘဂဝါ ဥပသမ္ပာဒေတိ) (အပဒါန ၁၊ ၈၂။ အပဒါန–၄ ၂၊ ၃၉)။

**ငါးပါးသီလလုံသူ**

**၅။ ပဉ္စသီလသမာဒါနိယ သာမဏေ**

အနောမဒဿီ ဘုရားရဲ့ သာဝက အရှင်နိသဘမထေရ် (ဝိပဿီဘုရားရဲ့ သာဝကနဲ့ ဘွဲ့တူတယ်) ထံမှာ ငါးပါးသီလကို ခံယူပြီး ရာသက်ပန် (အနှစ်တစ်သိန်း လူ့သက်တမ်း ကာလ) ဆောက်တည်တယ်။ ဒီပါရမီရှင်က ‘သေခါနီးသော် ငါ၏ သီလကို အောက်မေ့ခဲ့၏’တဲ့။

ဤကုသိုလ်ကြောင့် ဗုဒ္ဓဂေါတမ ပွင့်ချိန် ဗုဒ္ဓဝါဒီ ဝေသာလီ သူဌေးအိမ်မှာ ဖြစ်တယ်။ ‘ဝါဆိုခါနီးအချိန် ငါ့ မိဘတို့သည် ငါးပါးသီလကို ဆောက်တည်ကြစဉ် မြတ်ဗုဒ္ဓ ဟောကြားသော သီလကထာ ဒေသနာကို ကြားမိသည်နှင့် မိမိ ဆောက်တည်ဖူးသော သီလကို ဆင်ခြင်နိုင်ပြီး တစ်ထိုင်တည်းဖြင့် အရဟတ္တဖိုလ်ကို မျက်မှောက် ပြုနိုင်ခဲ့ပါ၏။ ထိုအချိန်က အသက် ၅–နှစ်သာ ရှိသေးပြီး မြတ်ဗုဒ္ဓသည် ငါ့အား ရဟန်းပြု ပေးခဲ့ပါ၏ (အပဒါန ၁၊ ၈၄)’လို့ အရှင်က မြွက်ဟခဲ့ပါတယ်။

**သဲပုံစေတီလှူသူ**

**၆။ ပုလိနထူပိယ သာမဏေ**

ဘုရား မပွင့်တဲ့ ကမ္ဘာတစ်ခုမှာ ရသေ့ရဟန်း အဖြစ်နဲ့ ရှေးဘုရားရှင်တွေကို ရည်မှန်းပြီး တည်တဲ့ သဲပုံစေတီကို သက်တော် ထင်ရှား ဘုရားအမှတ်နဲ့ ပန်းစသည် ပူဇော်တယ်။ ဒီကောင်းမှုကြောင့် ဂေါတမဗုဒ္ဓ ပွင့်ချိန် သာဝတ္ထိမြို့ရှိ ဗုဒ္ဓဝါဒီ သူ ကြွယ်အိမ်မှာ မွေးဖွားတယ်။ ဥပုသ်တစ်နေ့မှာ မိဘတွေက ဖောဓိပင် အပွေးနဲ့ ရွှေစေတီ တည်ပြီး ဘုရားရှိခိုးစဉ် မိမိရဲ့ ကုသိုလ်ဟောင်းကို အာရုံမိပြီး တရားရှုမှတ်ရင်း ရဟန္တာ ဖြစ်တယ်။ ‘မြတ်စွာဘုရားကို ဖူးရန် အိမ်မှ ထွက်လာစဉ် အရှင်သာရိပုတ္တာနှင့် တွေ့ပြီး အရှင်မြတ်ထံ သာမဏေ ပြုခဲ့၏။ ထိုစဉ်က အသက် ၇–နှစ်သာ ရှိပါသေး၏။ ရှင်တော် ဗုဒ္ဓက ရဟန်းပြု ပေးပါ၏ (အပဒါန ၂၊ ၈၁)’။

**ပန်းအလှူရှင်**

**၇။ တိကဏိကာပုပ္ဖ သာမဏေ**

ဝိဇ္ဇာခိုရ်ဘဝနဲ့ သုမေဓဘုရားကို မဟာလှေကားပန်း သုံးပွင့် လှူပြီး ဆုတောင်းအထူး ပြုခဲ့တဲ့အတွက် သုဂတိ ဘဝတွေမှာ သုခအမျိုးမျိုး ခံစားပြီး ဤဘုရား လက်ထက်မှာ သာဝတ္ထိမြို့ အလွန် မဟာသာလ လူချမ်းသာ မျိုးမှာ ဖြစ်ပြီး ၇–နှစ်အရွယ်မှာ ရဟန္တာ ဖြစ်တယ် (အပဒါန ၂၊ ၈၇)။

**၈။ နိဂုဏ္ဍိပုပ္ဖိယ သာမဏေ**

ပဒုမုတ္တရ ဘုရားရှင်ကို ကြောင်းပန်းပွင့် လှူတဲ့ ကုသိုလ်ကြောင့် ဤဗုဒ္ဓ လက်ထက် သာဝတ္ထိမြို့မှာ လူပြန်ဖြစ်တယ်။ မိဘ အမျိုးအမည် မထင်ရှား။ အသက် ၇–မှာ မြတ်ဗုဒ္ဓ သီတင်းသုံးရာ ကျောင်းသို့ ဝင်မိရာက သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့ပြီး မကြာမီ အရှင်အာနန္ဒာရဲ့ တရားကို နာကြားရလို့ ရဟန္တာ ဖြစ် သွားတယ် (အပဒါန ၁၊ ၂၂၉)။

**၉။ ပဒုမ သာမဏေ**

အလွန် ရွှင်လန်း တက်ကြွတဲ့ စိတ်စေတနာနဲ့ ပဒုမုတ္တရ ဘုရား ကို ကြာပန်းနဲ့ တံခွန် လှူခဲ့တယ်။ ဒီမြတ်စွာဘုရားက ‘ဂေါတမဗုဒ္ဓ လက်ထက်မှာ ရဟန္တာ ဖြစ်မည်’လို့ ဗျာဒိတ် ပေးတော်မူတယ်။ ‘ငါသည် ပညာ သတိ အားကောင်းသဖြင့် အသက် ၅–နှစ်တွင် ပဋိသမ္ဘိဒါလေးပါး၊ အဘိညာဏ် ၆–ပါးနှင့် တကွ ရဟန္တာ အဖြစ်သို့ ရောက်ခဲ့ပါ၏ (အပဒါန ၁၊ ၁၂၁)’။ စည်းစိမ် ချမ်းသာတဲ့ သဒ္ဓါတရားနဲ့ ပြည့်စုံတဲ့ မိသားစု ဆိုတာက လွဲ၍ မွေးရပ် မိဘ အမျိုးအမည် မထင်ရှား။

**၁၀။ စန္ဒနမာလိယ သာမဏေ**

မိမိကို ချီးမြှောက်ရန် ကြွလာတဲ့ သုမေဓဘုရားကို အင်ကြင်း ပန်း၊ စန္ဒကူး၊ သားရေနယ် အခင်း လှူဒါန်းပြီး သရက်သီးကို ကပ်လှူတယ်။ ဘုရားရှင်က ဂေါတမ ဗုဒ္ဓရဲ့ သာဝက ရဟန္တာ ဖြစ်မယ်လို ဗျာဒိတ် မိန့်မြွက်တယ်။ ‘ငါ ပဋိသန္ဓေ နေစဉ် ငါ့ ဆန္ဒကြောင့် မိခင်သည် စားသောက်ဖွယ်ကို အလိုရှိတိုင်း ရ၏။ အသက် ၅–နှစ်တွင် ရဟန်းပြုပြီး ခေါင်းရိတ် အပြီးတွင် ငါသည် ရဟန္တာအဖြစ်ကို ရခဲ့ပါ၏ (အပဒါန ၂၊ ၆၁)’။ နေရပ် မိဘ အ မျိုးအမည် မထင်ရှား။

**တရားနာ**

**၁၁။ ဓမ္မသဝနိယ သာမဏေ**

ပဒုမုတ္တရ ဘုရားလက်ထက်မှာ ရသေ့အဖြစ်နဲ့ တရားနာယူပြီး အသက်ထက်ဆုံး ထိုတရားနဲ့ နေတယ်။ ‘သေခါနီးသော် ထိုတရား နာယူခြင်းကို အမှတ်ရ၏။ ကောင်းစွာ ပြုလုပ်တဲ့ ထိုကု သိုလ်ကြောင့် တာဝတိံသာ နတ်ပြည်သို့ ရောက်ခဲ့၏’။ ထို့ပြင် ထိုကုသိုလ်ကြောင့်ပဲ လူမင်းနတ်မင်း အကြိမ်ကြိမ် ဖြစ်ရတယ်။ ဤဘုရား လက်ထက်မှာ ‘ဂါထာတစ်ပုဒ်ကို ကြားနာမိသည်နဲ့ ရှေးကုသိုလ်ကံကို အမှတ်ရပြီး တစ်ထိုင်တည်းနဲ့ ရဟန္တာ ဖြစ်တယ်။ ထိုအချိန်က အသက် ၇–နှစ် (အပဒါန ၁၊ ၃၁၆)’။ နေရပ် မိဘ အမျိုးအမည် မထင်ရှား။

**မီးအလှူရှင်**

**၁၂။ ကေဒီပိယ သာမဏေ**

ဆီမီးတစ်တိုင် အလှူရှင်။ သိဒ္ဓတ္ထအမည်ရှိ ဘုရားရှင် ပရိနိဗ္ဗာန် စံလို့ ထင်းမီးနဲ့ ပူဇော်ကြတဲ့အခါ မနီးမဝေး အရပ်မှာ ဆီမီး ညှိထွန်းပြီး တစ်ညလုံး ပူဇော်ခဲ့တဲ့ ကောင်းမှုကြောင့် သုဂတိ ဘဝတွေမှာ ကျင်လည်ပြီး ဤဘုရား လက်ထက်မှာ လူပြန်ဖြစ်တယ်။ ‘နတ်ပြည်မှ စုတေ၍ အမိဝမ်း၌ ဖြစ်ရသော်လည်း ငါ၏ မျက်စိသည် မှိတ်ခြင်း မရှိခဲ့ချေ။ ငါသည် မွေးဖွားပြီးနောက် အသက် ၄–နှစ်မျှ ရှိသော် သာသနာ့ဘောင်၌ ရဟန်းပြုခဲ့ပြီး လခွဲသို့ မရောက်မီ အရဟတ္တဖိုလ်သို့ ရောက်ခဲ့ပါ၏ (အပဒါန ၁၊ ၄၃၉။ ၄၄၀)’။ သာဝတ္ထိမြို့သား မိဘ အမျိုးအမည် မထင်ရှား။

**ပစ္စည်းလေးပါး**

**၁၃။ ဘဒ္ဒ သာမဏေ**

ပဒုမုတ္တရ ဘုရားလက်ထက် ရဟန်းသံဃများအား ပစ္စည်းလေးပါး လှူဒါန်းခဲ့ပြီး ဤဘုရား လက်ထက် သာဝတ္ထိမြို့မှာ တစ်ဦးတည်းသော သူဌေးသားအဖြစ် မွေးဖွားတယ်။ ဗုဒ္ဓသာသနာကို ကြည်ညိုတဲ့ မိဘများက အသက် ၇–နှစ်အရွယ် သားငယ်ကို မြတ်စွာဘုရားအား လှူဒါန်းတယ်။ မြတ်စွာဘုရားက အရှင်အာနန္ဒာကို

သာမဏေ ပြုစေပြီး အရှင်မြတ်ထံမှ ဝိပဿနာကို သင်ယူတယ်။ ပါရမီကုသိုလ်ပါလို့ နေမဝင်မီ အဘိညာဏ် ၆–ပါးရ ရဟန္တာ ဖြစ်ပါတယ်။ အဲဒီနောက် မြတ်စွာဘုရားက 'ဟေ ဘဒ္ဒ = ဘဒ္ဒ .. လာခဲ့'လို့ ဆိုဆဲ လက်အုပ်ချီပြီး မြတ်ဗုဒ္ဓ ရှေ့ကို ရောက်လာတယ်။ အဲဒါသည်ပင် ဘဒ္ဒရဲ့ ရဟန်းအဖြစ်ပါပဲ။ ဗုဒ္ဓူပသမ္ပဒါ = ဘုရားကိုယ်တိုင် ရဟန်း ပြုပေးလို့ ရဟန်းဖြစ်လာသူ (ထေရဂါထာ–ဋ္ဌ ၂၊ ၁၃၂)လို့ ဆိုပါတယ်။

**သစ်သီး**

**၁၄။ ဖလဒါယက သာမဏေ**

ပဒုမုတ္တရ ဘုရားလက်ထက် စည်းစိမ်ကိုစွန့် ရသေ့ပြုပြီး ဘုရားကို ပျားရည်နဲ့ သစ်သီးမျိုးစုံ ဆွမ်းကပ်လှူခဲ့လို့ ဤဘုရား လက်ထက် သာသနာ့ဘောင်သို့ ဝင်ပြီး အသက် ၇–နှစ်နဲ့ ရဟန္တာ ဖြစ်တယ် (အပဒါန–ဋ္ဌ ၂၊ ၄၂၀)။ နေရပ် မိဘ အမျိုးအမည် မထင်ရှား။

**သာမဏေကျော် ၄–ပါး**

**၁၅။ သံကိစ္စ သာမဏေ**

သာဝတ္ထိမြို့ သူကြွယ်ရဲ့သား။ ကိုယ်ဝန်ကို မမွေးဖွားမီ မိခင် ကွယ်လွန်ပေမယ့် ပစ္ဆိမဘဝိက (ရဟန္တာ ဖြစ်ကိုဖြစ်ရမယ့်သူ) ဖြစ်လို့ သန္ဓေသားက မသေဘူး။ အရပ်စကားနဲ့ သေရှာပြန် ဖိုးသက်ပြင်းလေးပါပဲ။ ဒါတောင်မိခင် အလောင်းကို မီးရှို့စဉ် တံစိုးဝါးနဲ့ ထိုးတဲ့အခါ ဝမ်းထဲရှိနေတဲ့ သန္ဓေသား (သံကိစ္စ)ရဲ့ မျက်စိထောင့်ကို ထိုးမိတယ်။ ဒါကြောင့် သံကိစ္စ (တံစိုးဝါးနဲ့ မျက်စိထောင့်ကို ထိုးခံရသူ)လို့ ခေါ်တွင်လာတာ။ အသက် ၇–နှစ်အရွယ်မှာ ဆွေမျိုးများက အရှင်သာရိပုတ္တရာထံ အပ်နှံပြီး ရှင်ပြုပေးကြတယ်။ ခေါင်းရိတ်ပြီးတာနဲ့ ရဟန္တာဖြစ်သွားတယ် (ဓမ္မပဒ–ဋ္ဌ ၁၊ ၄၂၅)။

**၁၆။ ပဏ္ဍိတ သာမဏေ**

ကဿပ မြတ်စွာဘုရား လက်ထက်က အလွန် ဆင်းရဲသူ (မ ဟာဒုက်) အဖြစ်နဲ့ မြတ်စွာ ဘုရားနဲ့ သံဃာကို ဆွမ်းကပ်လှူတဲ့ အကျိုးကြောင့် ဂေါတမ ဗုဒ္ဓလက်ထက် သာဝတ္ထိမြို့က အရှင် သာရိပုတ္တရာရဲ့ တပည့်လူချမ်းသာအိမ်မှာ မွေးဖွားပြီး ပဏ္ဍိတလို့ ခေါ်တွင်တယ်။ အသက် ၇–နှစ်မှာ သားရဲ့ ဆန္ဒအတိုင်း မိဘတို့က အရှင်သာရိပုတ်ထံမှာ သာမဏေပြုခွင့် ပေးကြတယ်။ တစ်နေ့ အရှင်မြတ်နဲ့အတူ ဆွမ်းခံကြွရင်း လမ်းတစ်ဝက်မှ ပြန်ခဲ့ပြီး တရားမှတ်တယ်။ ပဏ္ဍိတ တရားမှတ်နေတုန်း သိကြားမင်းက ပတ်ဝန်းကျင် ငြိမ်းချမ်းအောင် စောင့်ပေးတယ်။ သာမ ဏေပြုပြီး ရှစ်ရက်မြောက်မှာ ရဟန္တာ ဖြစ်သွားတယ် (ဓမ္မပဒ–ဋ္ဌ ၁၊ ၃၅၉)။

**၁၇။ သောပါကသာမဏေ**

ရာဇဂြိုဟ်မြို့သား။ သောပါကဆိုတာ အနွယ်ရဲ့ နာမည်။ မွေးပြီး လေးလအကြာ ဘခင်ရင်း သေဆုံးသွားလို့ ဦးလေးက မွေးစားတယ်။ အသက် ၇–နှစ်မှာ ဦးလေးရဲ့ သားနဲ့ အငြင်းပွားတဲ့ အတွက် ဦးလေးက သုသာန်မှာ ကြိုးနဲ့ချည်ပြီး ပစ်ထားခဲ့တယ်။ ပစ္ဆိမဘဝိက (ရဟန္တာ ဖြစ်မယ့်သူ)ရဲ့ ထုံးစံအရ အန္တရာယ် မဖြစ်ဘူး။ မြတ်ဗုဒ္ဓ သိမြင်တော်မူပြီး တန်ခိုးနဲ့ 'သောပါက .. မကြောက်နဲ့။ လာခဲ့ပါ'လို့ မိန့်တော်မူတဲ့အခါ ချည်ထားတာ လွတ် သွားတဲ့အပြင် ဂါထာအဆုံးမှာ လူငယ် သောတာပန် တည်တယ်။ နောက်ဆုံး ဂန္ဓကုဋိတိုက်ကို ရောက်လာ။ ဘုရားရဲ့ တရားကို ဆက်ပြီးနာရလို့ ရဟန္တာ ဖြစ်သွားတယ်။ မြတ်စွာရားရဲ့ မေးခွန်း ၁၀–ခု (ကုမာရပဉှာ)ကို ဖြေနိုင်တဲ့အတွက် ရဟန်း ဖြစ်ခွင့် (ပဉှာဗျာကရဏူပသမ္ပဒါ) ပေးတော်မူပါတယ် (ထေရဂါထာ–ဋ္ဌ ၂၊၁၃၅)။

**၁၈။ ရေဝတ သာမဏေ**

အရှင်သာရိပုတ္တရာမှာ ညီအစ်ကို မောင်နှမ ၇–ယောက်အနက် ၆–ယောက်တို့ ရဟန်း ပြုသွားတဲ့အခါ ဗုဒ္ဓဝါဒီ မဟုတ်သေးတဲ့ မိဘများမှာ အငယ်ဆုံးသား ရေဝတကို ရဟန်း မပြုစေလိုတဲ့ အတွက် အစဉ်အလာအရ အသက် ၇–မှာ ရွယ်တူ မိန်းမငယ် တစ်ယောက်နဲ့ လက်ထပ်ထားဖို့ စီစဉ်တယ်။ ဒါပေမယ့် ပွဲဆင်ယင်တဲ့

နေ့မှာပဲ ရေဝတ အိမ်က ထွက်ပြေးပြီး ရဟန်းတွေဆီ ရောက်လာတယ်။ အရှင်သာရိပုတ် ကြိုတင် မှာထားတဲ့အတိုင်း ရဟန်းတွေက ရေဝတကို သာမဏေပြုပေးတယ်။ ကမ္မဋ္ဌာန်း သင်ပြီး မိဘနဲ့ ယူဇနာသုံးဆယ်ဝေးတဲ့ ရှားတောမှာ တရားထိုင်၊ ဝါတွင်း သုံးလအတွင်း ပဋိသမ္ဘိဒါပတ္တ ရဟန္တာ ဖြစ်တယ် (ဓမ္မပဒ–ဋ္ဌ ၁၊ ၃၉၈)။ 'အန္တောဝဿေယေဝ = ဝါတွင်း သုံးလမှာပင်'လို့ ဆိုတဲ့အတွက် အဲဒီ သာမဏေပြုတဲ့ ဝါတွင်းလို့ပဲ ယူသင့်ပါတယ်။ ပညာရှင် မာလာလာ ဆေကေရလည်း သာမဏေ ကျော် ၄–ပါး (ဓမ္မပဒ–ဋ္ဌ၂၊ ၄၂၆)ထဲက ရေဝတ သာမဏေကို အရှင်သာရိပုတ္တရာရဲ့ ညီတော် အရှင်ရေဝတ ဖြစ်နိုင်ကြောင်း ဆိုတယ် (Pali Proper Names, III, p. )။

ဒါပေမယ့် အင်္ဂုတ္တရအဋ္ဌကထာ (၁၊ ၁၇၅)အရမူ အသက် ၂၀–ပြည့်၊ ရဟန်းဖြစ်ပြီးမှ ရဟန္တာ ဖြစ်ကြောင်း ဆိုတဲ့အတွက် သာမဏေကျော် ၄–ပါးပါ အရှင်ရေဝတနဲ့ မတူဘူးလို့ ဆိုရလိမ့်မယ်။ မဟာဗုဒ္ဓဝင် ကျမ်းမှာလည်း အင်္ဂုတ္တရအဋ္ဌကထာ အဆိုအတိုင်း ဖော်ပြပြီး ဓမ္မပဒအဋ္ဌကထာကို ညွှန်းဆိုပေမယ့် ဤခြားနားပုံကို မှတ်ချက် မရေးထားဘူး။

### ၁၉။ သုမန သာမဏေ

ဒီသာမဏေဟာ ဘဝတစ်ခုမှာ သုမန အမည်ရှိတဲ့ သူဌေးဖြစ်စဉ် မြတ်ဗုဒ္ဓရဲ့ ညီဝမ်းကွဲ တော်တဲ့ အရှင်အနုရုဒ္ဓါက အန္နဘာရ အမည်ရှိတဲ့ မြက်ထမ်းသမား ဖြစ်တယ်။ ထိုစဉ်အခါ သုမန သူဌေးက အန္နဘာရရဲ့ ခဲယဉ်းစွာ လုပ်ရတဲ့ ကုသိုလ် အထူးကို ဝယ်ယူဖူးတယ်။ ဂေါတမဗုဒ္ဓ လက်ထက်မှာ အန္နဘာရက အနုရုဒ္ဓါ ဖြစ်လာပြီး သကျမင်းသား ၆–ယောက်နဲ့ အတူ ရဟန်းပြု၊ ရဟန္တာ ဖြစ်ပြီးနောက် မိမိရဲ့ ကုသိုလ်ကို အဘိညာဏ်နဲ့ ဆင်ခြင်ရင်း မိတ်ဆွေ သုမနသူဌေးကို ကြည့်တဲ့အခါ ဝိဇ္ဈာဋဝီ တောအုပ်အနီး မုဏ္ဍာရွာသား ဗုဒ္ဓဝါဒီ မဟာမုဏ္ဍာပုဏ္ဏားရဲ့ သားအငယ် စူဠသုမန ဖြစ်နေတာကို သိသွားတယ်။ အရှင်အနုရုဒ္ဓါ ပုဏ္ဏားဆီ ရောက်၊ ကုသိုလ် ပြဘက် ဖြစ်ခဲ့တဲ့အတိုင်း ၇–နှစ် အရွယ် စူဠသုမနကလေး အရှင်မြတ်ထံ သာမဏေပြုစဉ် ခေါင်းရိတ်ပြီးတာနဲ့ ရဟန္တာ ဖြစ်သွားတယ်။

ဓမ္မပဒအဋ္ဌကထာ(၂၊ ၃၉၂)အဆိုအရ သောပါက သာမဏေနဲ့ သုမန သာမဏေ နှစ်ပါးသာ ရဟန္တာ ဖြစ်ပြီး ၇–နှစ်အရွယ်မှာပဲ မြတ်ဗုဒ္ဓက ဒါယဇ္ဇဥပသမ္ပဒါ (အမွေခံ ရဟန်း)အနေနဲ့ ရဟန်း ပဥ္စင်းအဖြစ် ခွင့်ပြုတော်မူပါသတဲ့။ ထေရဂါထာ အဋ္ဌကထာ အလိုအရ ဗုဒ္ဓျပသမ္ပဒါ ဖြစ်တဲ့ အရှင်ဘဒ္ဒ (ဖော်ပြပြီး အမှတ် ၃)ကိုလည်း အထူးခွင့်ပြုချက်ရတဲ့ သာမဏေထူးလို့ ဆိုနိုင်တာပဲ။

### ၂၀။ ရှင်သီဝလိ

ပဒုမုတ္တရ ဘုရားလက်ထက်မှာ ဘုရားအမှူးရှိတဲ့ သံဃာကို အလှူကြီးပေးပြီး ဆုတောင်းရာမှာ ဘုရားရှင်က ဂေါတမဗုဒ္ဓ လက် ထက် ပြည့်မည် ဖြစ်ကြောင်း ဗျာဒိတ်ပေး ခံရတယ်။ ဝိပဿီ ဘုရားကိုလည်း ပျားရည်နဲ့ ဒိန်ချဉ်လှူပြီး ဆုတောင်းဖူးတယ်။ ဤဗုဒ္ဓ လက်ထက်မှာ ကောလိယ သာကီဝင် သုပ္ပဝါသာ မင်းသမီးရဲ့ သားဖြစ်လာတယ်။ ကျမ်းဂန်မှာ အမိဝမ်းထဲမှာပဲ ၇–နှစ် ကြာကြောင်း မှတ်တမ်း ရှိတယ်။ မွေးဖွားပြီး မကြာခင်အ ရှင်သာရိပုတ္တရာထံမှာ ရှင်ပြု၊ တရားအားထုတ်၊ ရဟန္တာ ဖြစ်တာပါပဲ။ လာဘ်လာဘ အပေါ်များဆုံး တောဒဂ်ဘွဲ့နဲ့ မြတ်ဗုဒ္ဓရဲ့ ချီးမွမ်းခြင်းခံရတယ် (အံ–ဋ္ဌ ၁၊ ၁၇၈)။

### ၂၁။ တိဿ သာမဏေ

သာဝတ္ထိမြို့နေ အရှင်သာရိပုတ္တရာကို ကိုးကွယ် ဒကာဒကာမ မိသားစုရဲ့ သား။ အသက် ၇–နှစ်မှာ မိမိဆန္ဒနဲ့ အရှင်သာရိ ပုတ္တရာထံမှာ သာမဏေပြုတယ်။ ရှင်ပြုပြီး ၈–ရက်မြောက်နေ့ ဆွမ်းခံဝင်တဲ့အခါ သင်္ကန်းနဲ့ ဆွမ်းတွေ အလျှံပယ်ရလို့ ရှားပါး သံဃာတွေကို အလှူဒါနပြုတယ်။ ကောင်းစွာ တရား ရှုမှတ်နိုင်ရန် မိဘနဲ့ ဝေးရာသို့ သွားပြီး တရားအားထုတ်တဲ့ အတွက် သီတင်းကျွတ်တာနဲ့ ပဋိသမ္ဘိဒါပတ္တ ရဟန္တာ ဖြစ်သွားတယ်။

ကိုရင် တိဿဟာ မိဘတို့ပေးတဲ့ တိဿဆိုတဲ့ နာမည် အပြင် ဆွမ်းအလှူရှင် တိဿ၊ ကမ္ဗလာအလှူရှင် တိဿ၊ တောကျောင်းနေ တိဿလို့ သူ့ရဲ့ လုပ်ဆောင်မှုကို အကြောင်းပြုပြီး အသက် ၇–နှစ် အရွယ်မှာပင် နာမည် ၄–မျိုးနဲ့ ကျော်ကြားခဲ့တယ် (ဓမ္မပဒ–ဋ္ဌ ၁၊ ၃၃၃)။

### ၂၁။ သုခသာမဏေ

ဘဝတစ်ခုမှာ သုံးနှစ် ကျွန်ခံပြီးမှ ရရှိတဲ့ အမွှေးနံ့သာ ကြိုင်လှိုင်တဲ့ အစားအစာကို ကိုယ့်အတွက် မချန်ဘဲ နိရောဓ သမာ ပတ်မှ ထတော်မူတဲ့ ပစ္စေကဗုဒ္ဓါအား စေတနာ ထက်သန်စွာ လှူဒါန်းပြီး ဘဝသံသရာမှာ ချမ်းသာပြီး အရှင်ဘုရားတို့ သိတဲ့ တရားကို သိရလိုကြောင်း တောင်းဆု ဆိုတယ်။ ဂေါတမဗုဒ္ဓ လက်ထက် သာဝတ္ထိမြို့ အရှင်သာရိပုတ်ရဲ့ တပည့်ဒကာ အိမ်မှာ လူပြန်ဖြစ်တယ်။ အသက် ၇–နှစ်မှာ ရဟန်းပြုလို ကြောင်း ပြောသဖြင့် မိဘများက အရှင်မြတ်ထံမှာပဲ သာမဏေ ပြုပေးကြတယ်။ နောက်ဆုံး ပဏ္ဍိတ သာမဏေနဲ့ ဖြစ်ပုံနဲ့ ခပ်ဆင်ဆင် ရဟန္တာ ဖြစ်သွားတယ်။ ဓမ္မပဒ–ဋ္ဌ ၂၊ ၅၅)။

### ၂၂။ သာနု သာမဏေ

မြတ်ဗုဒ္ဓ ဇေတဝန်ကျောင်းမှာ ဟောတာဖြစ်လို့ ဒီသာမဏေက သာဝတ္ထိမြို့သား ဖြစ်နိုင်တယ်။ တစ်ဦးတည်းသော သားဖြစ်ပေမယ့် ငယ်စဉ်ကပင် သာမဏေ ပြုခဲ့တယ်။ ကျင့်ဝတ်နဲ့ ပြည့်စုံတယ်။ သံနေသံထားနဲ့ တရား ဟောပြီးတိုင်း မိဘဟောင်းတွေကို အမျှဝေတဲ့အတွက် မိခင်ဟောင်း ဘီလူးမပင် အခြား နတ်တွေရဲ့ လေးစားတာကို ခံရတယ်။

သာမဏေ အရွယ်ရောက်တဲ့အခါ လူထွက်လိုတဲ့အတွက် လူ့မိခင်ဆီ တစ်ပါးတည်း ကြွလာတယ်။ မိခင် ဟောင်းမှာ သားကို ချစ်ခြင်း၊ မိမိရဲ့ နတ်တွေအကြား ရရှိထားတဲ့ ဂုဏ်သိက္ခာ မလျော့စေလိုခြင်း တို့ကြောင့် လူမထွက်စေလိုတဲ့ အတွက် သာ မဏေကို ဝင်ပူးပြီး ‘ဥပုသ်နေ့၌ ဖြူစင်နှလုံးဖြင့် ဥပုသ်စောင့်သုံး သူကို ဘီလူးတို့ မပူးဝင်နိုင်’ကြောင်း သာမဏေ သတိပြန်ရရင် ပြောကြားပါလို့ လူ့ဘဝ မိခင်ကို ဆိုတယ်။

အဲဒီလို မိခင်တွေရဲ့ ဖြောင်းဖြမှုကြောင့် သာမဏေမှာ လူမထွက်ဖြစ်ဘဲ အသက် ၂၀–မှာ ရဟန်းပြု၊ အဲဒီ နောက် မြတ်ဗုဒ္ဓရဲ့ တရားကို နာ၊ တရားထူး ရသွားပြီး နောင်အခါ ပိဋကတ် တတ်ကျွမ်းတဲ့ ဓမ္မကထိကကြီး ဖြစ်လာခဲ့တယ်။ ပရိနိဗ္ဗာန် ပြုပြီ (= ပရိနိဗ္ဗယိ)လို့ ဆိုတဲ့အတွက် ရဟန္တာ ဖြစ်သွားတယ်လို့ ယူဆရပါတယ် (ဓမ္မပဒ–ဋ္ဌ ၂၊ ၃၁၆)။

### အချုပ်

ဘုန်းကြီး ရှာဖွေ တွေ့ရှိပြီးသမျှ အသက် ၄–နှစ်နဲ့ ရဟန္တာ ဖြစ်တာ ၂–ပါး။ ၅–နှစ်နဲ့ ဖြစ်တာ ၃–ပါး။ ၇–နှစ်နဲ့ ဖြစ်တာ ၁၆–ပါး။ အသက် ၂၀–နှစ် သာမဏေထူး ၁–ပါးတို့ရဲ့ မှတ်တမ်းကို ပါဠိတော် အဋ္ဌကထာတွေမှာ တွေ့မိပါကြောင်း။ ရှာထားပြီးသား မရှိလို့ အဖြေ နောက်ကျသွားတာပါ။ ကြည်ညို ပူဇော်နိုင်ပါစေ။ ကျေးဇူး တင်ပါတယ် .. ❐